# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

October 8, 2019 Volume 24, Number 6


၈.၁၀.၂၀၁၉

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၄၉၁ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၂၂၀၅၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၅၃၃/- ကျပ် |
| CBM Rate | = ၁၅၃၂.၉ /ကျပ် |
| ယူရို တစ်ယူရို | = ၁၆၈၄.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၁၁.၁ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၈၈၀.၇ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၄၃၀.၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၃၅.၄ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၄.၉၇ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၅၉၁ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၈.၂၉ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၅.၇၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၀.၄၃၃ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com


# ပြည်ပသို့ ပြောင်းတန်ချိန် ၁၅ သိန်းကျော် တင်ပို့ထား



၂၀၁၈-၁၉ ဘဏ္ဍာနှစ် (အောက်တိုဘာ ၂၀၁၈ ခုနှစ်မှ စက်တင်ဘာ) အထိ ပြည်ပသို့ ပြောင်းတန်ချိန် ၁၅ သိန်း ကျော် တင်ပို့မှုမှ ကန်ဒေါ်လာ သန်း ၂၇၀ ကျော်ရရှိထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။ ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ တန်ချိန် ၂၀၀၀၀၀ ကျော် တင်ပို့မှုမှ ကန်ဒေါ်လာ သန်း ၄၀ ကျော်၊ နယ်စပ်ကုန်သွယ်မှုမှ တန်ချိန် ၁၃ သိန်းကျော် တင်ပို့မှုမှ ကန်ဒေါ်လာ သန်း ၂၃၀ ကျော်ရရှိထားခြင်း ဖြစ်သည်။

တောင်ကြီးကုန်စည်ဒိုင်ရှိ ဖြိုးသီးနှံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဦးအောင်ဇေက တရုတ်ကအဝယ်မရှိတဲ့ အခြေအနေမှာ ဈေးနှုန်းက အတော်ကိုကျဆင်းတယ်။ အခု ပြောင်း တစ်ပိဿာကို ကျပ် ၃၃၀ ပဲ ရှိတယ်။ အခုလည်း ပြောင်းအဟောင်းတွေ လက်ကျန်ရှိနေပြီး ထုတ်မရောင်းနိုင်တဲ့ အခြေအနေမှာ အသစ်ကလည်း စတင်ထွက်ပေါ်လာပြီ။ အခုပြောင်းကို မြန်မာ-ထိုင်း နယ်စပ်ကနေ ထိုင်းကိုတင်ပို့နေသလို အိန္ဒိယနိုင်ငံ ချန်နိုင်းကိုလည်း အနည်းငယ်တင်ပို့နေတယ်ဟုပြောသည်။ လက်ရှိ ပြောင်းအသစ်ဝယ်ယူရာတွင် အစိုဓာတ်ပါဝင်နှုန်းအလိုက် သတ်မှတ်ဈေးနှုန်း ပေးဝယ်လျက်ရှိသလို အဟောင်းတစ်ပိဿာလျှင် ကျပ် ၃၆၀ ပေး၍ ဝယ်ယူနေကြောင်း သိရသည်။ အခု ထိုင်းဘက်ကိုရောင်းတာက ရာသီချိန်အလိုက် အရောင်းအဝယ် အကန့်အသတ်တွေရှိနေတော့ အခုလောလောဆယ် အများကြီးမသွားနိုင်ဘူး။ ဒါကြောင့် ပင်လယ်ရေကြောင်းကနေပဲသွားနိုင်မယ့် အလားလာပဲရှိတယ်။ ဒီလို သွားမယ်ဆိုရင်လည်း အရည်အသွေးသတ်မှတ်ချက်တွေအတိုင်းလုပ်ရမှာဖြစ်တယ်'ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးသူက ပြောသည်။

မြန်မာနိုင်ငံတွင် ပြောင်းစိုက်ဧက ၁ ဒသမ ၉ သန်းခန့်ရှိပြီး ရှမ်းပြည်နယ်မြောက်ပိုင်း၊ တောင်ပိုင်း၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် အများဆုံးစိုက်ပျိုးသည်။ လက်ရှိတွင် တရုတ်နိုင်ငံမှ မြန်မာ့ပြောင်းဝယ်ယူမှု ရပ်နားထားသည်မှာ တစ်နှစ်ခန့် ကြာမြင့်နေပြီဖြစ်၍ ပြောင်းဈေးနှုန်းကျဆင်းခြင်း ဆက်တိုက်ဖြစ်ပေါ်နေခြင်းကြောင့် တောင်သူများ တွက်ချေကိုက်မှုနည်းလာသည်။ ပြည်ပသို့ ၂၀၁၇-၁၈ ဘဏ္ဍာနှစ်က ပြောင်းတန်ချိန် ၁၄ သိန်းကျော် ကန်ဒေါ်လာ သန်း ၂၉၀ ကျော်၊ ၂၀၁၆-၁၇ ဘဏ္ဍာနှစ်က တန်ချိန် ၁၂ သိန်းကျော် ကန်ဒေါ်လာ သန်း ၂၅၀ ကျော်၊ ၂၀၁၅-၁၆ ဘဏ္ဍာနှစ်က တန်ချိန် ၁၁ သိန်းကျော် ကန်ဒေါ်လာ သန်း ၃၀၀ ကျော်ရရှိခဲ့သည်။

**Source:** https://www.facebook.com/amiamyanmar/posts/2482197615199053?__tn__=K-R

## ထိုင်းနိုင်ငံအစိုးရအနေဖြင့် GDP တိုးတက်မှု (၃%) ရရှိနိုင်ရေး ထိန်းသိမ်းဆောင်ရွက်လျှက်ရှိခြင်း

ထိုင်းနိုင်ငံအစိုးရအနေဖြင့် ယခုနှစ်အတွက် ၎င်းတို့၏ ရည်မှန်းချက် Target ဖြစ်သော GDP တိုးတက်မှု(၃%)ရရှိရန် စီးပွားရေးကိုအားပေးလှုံ့ဆော်မည့် အစီအစဉ်များဖြင့် ထိန်းသိမ်းဆောင်ရွက်လျက်ရှိပါသည်။ ဝန်ကြီးချုပ်ပယာရွတ်ချန်အိုချာ၏ နိုင်ငံရေးဆိုင်ရာ ဒုတိယအတွင်းရေးမှူးချုပ် Kobsak Pootrakool က ယမန်နေ့က စီးပွားရေးဖွံ့ဖြိုးတိုးတက် မှုအပေါ် စောင့်ကြည့်လေ့လာရန် ဆပ်ကော်မတီအစည်းအဝေးကို ခေါ်ယူကျင်းပခဲ့ပါသည်။ ၎င်းက တတိယသုံးလပတ်၏ ပထမ(၂)လ စာရင်းဇယားများနှင့် ဒုတိယသုံးလပတ်၏ စာရင်းဇယားများအရ GDP တိုးတက်မှု(၃%)ရရှိမည်ဟုယုံကြည်ကြောင်း၊ ပို့ကုန်တင်ပို့မှု နှေးကွေးကျဆင်းမည်ဟု မိမိတို့မျှော်မှန်းထားနေစဉ်အတွင်း ယခုနှစ်အတွက် ခရီးသွားကဏ္ဍမှာ စီးပွားရေး အတွက် အဓိကမောင်းနှင်အားဖြစ်ကြောင်း၊ ခရီးသွားကဏ္ဍအနေဖြင့် ဒုတိယ နှစ်ဝက်တွင် ရည်မှန်းချက်အတိုင်း ခရီးသွားဝင်ရောက်မှု (၂၀)သန်း မြင့်တင်နိုင်မည်ဟု မျှော်လင့်ကြောင်း၊ Mr. Kobsak က ၂၀၁၉ ခုနှစ် ပထမ(၈)လအတွက် ခရီးသွားဝင်ရောက်မှုမှာ (၂၆.၅)သန်းရှိခဲ့ပြီး ဝင်ငွေဘတ်(၁.၂၉)ထရီလီယံရှိခဲ့ကြောင်း၊ နှစ်အလိုက်တွင် (၂.၉%) တိုးတက်ခဲ့ကြောင်းပြောကြားခဲ့ပါသည်။ ဩဂုတ်လတွင် ခရီးသွားဝင်ရောက်မှုမှာ (၃.၄၇)သန်းရှိခဲ့ပါသည်။ ပုံမှန်အားဖြင့် စတုတ္ထလေးလပတ်မှာ ခရီးသွားအများဆုံး ဝင်ရောက်သည့်ကာလဖြစ်ကြောင်း၊ အစိုးရအနေဖြင့် ယခုနှစ်လက်ကျန်(၄)လတွင် ခရီးသွား (၁၄)သန်း ဝင်ရောက်မည်ဟု မျှော်လင့်ထားပြီး ယခုနှစ်အတွက် ခရီးသွားဝင်ရောက်မှု (၄၀.၅)သန်း ဝင်ရောက်နိုင်ရေး တွန်းအားပေးဆောင်ရွက်ရန်ဖြစ်ကြောင်း Mr. Kobsak ကပြောကြားခဲ့ပါသည်။ အားကစားနှင့် ခရီးသွားဝန်ကြီးဌာနအနေဖြင့် ခရီးသွား ဧည့်သည် (၃၉.၈)သန်း ဝင်ရောက်ရန်နှင့် ဝင်ငွေအားဖြင့် ဘတ်ငွေ(၂.၀၄)ထရီလီယံရရှိရန် ရည်ရွယ်ထားကြောင်း သိရှိရပါသည်။ ယခုနှစ် ပထမ(၈)လအတွက် တရုတ်ခရီးသွားဝင်ရောက်မှုမှ ဘတ်ငွေ (၃၈၂)ဘီလီယံ ဝင်ငွေရရှိခဲ့ပြီး ယခင်နှစ် အလားတူကာလထက် (၁.၆%) တိုးတက် ခဲ့ကြောင်း၊ မလေးရှားခရီးသွားဝင်ရောက်မှုမှ ဘတ်ငွေ (၆၇)ဘီလီယံဝင်ငွေရရှိခဲ့ပြီး ယခင်နှစ် အလားတူကာလထက် (၉%)တိုးတက်ခဲ့ကြောင်း၊ ရုရှားခရီးသွား ဝင်ရောက်မှု မှဘတ်ငွေ (၆၂)ဘီလီယံဝင်ငွေရရှိခဲ့ပြီး ယခင်နှစ်အလားတူ ကာလထက်(၄.၃%)ကျဆင်း ခဲ့ကြောင်း၊ ဂျပန်ခရီးသွားဝင်ရောက်မှုမှ ဘတ်ငွေ(၅၈)ဘီလီယံ ဝင်ငွေရရှိခဲ့ပြီး ယခင်နှစ် အလားတူ ကာလထက် (၁၃.၄%)တိုးတက်ခဲ့ကြောင်း၊ အိန္ဒိယခရီးသွားဝင်ရောက်မှုမှ ဘတ်ငွေ (၅၅) ဘီလီယံ ဝင်ငွေရရှိခဲ့ပြီး ယခင်နှစ်အလားတူ ကာလထက် (၃၁.၂%)တိုးတက်ခဲ့ကြောင်း သိရှိရပါသည်။ Mr. Kobsak က အောက်တိုဘာ လ(၁၁)ရက်နေ့တွင် ကျင်းပမည့် စီးပွားရေးဝန်ကြီးများ အစည်းအဝေးတွင် နိုင်ငံခြားခရီးသွားဝင်ရောက်မှုကို အားပေးမြှင့်တင် ရန်နှင့် ခရီးသွားများ၏သုံးစွဲမှုကို တိုးမြှင့်နိုင်ရေးအတွက် “ Thailand Grand Sale Festival ”ကဲ့သို့သောပွဲများ စီစဉ် ဆောင်ရွက်သွားရန် လုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးလိမ့်မည်ဖြစ်ကြောင်းပြောကြားခဲ့ပါသည်။ အစိုးရအနေဖြင့် နိုင်ငံခြားသားခရီးသွား ဧည့်သည်များအတွက် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာလုပ်ငန်းများ ပိုမိုအဆင်ပြေချောမွေ့စေရန် QR Codes များကို စတင်မိတ်ဆက် ဆောင်ရွက်လိမ့်မည်ဖြစ်ကြောင်း သိရှိရပါသည်။ အားကစားနှင့် ခရီးသွားဝန်ကြီးဌာနအနေဖြင့် ပြည်တွင်းသို့ လာရောက်သည့် ခရီးသည်များအတွက် ဝန်ဆောင်မှုပေးနေသော ထိုင်းခရီးသွားလုပ်ငန်းများကို Valued-Adeed Tax (VAT) များ သက်သာခွင့်များပေးရန် စီးပွားရေးဝန်ကြီးများအဖွဲ့သို့ အဆိုပြုလွှာတင်ပြခဲ့ကြောင်း ခရီးသွားလုပ်ငန်း အမြဲတမ်းအတွင်းဝန် Chote Trachu ကပြောကြားခဲ့ပါသည်။ ၎င်းက အစိုးရ အနေဖြင့် TM 30 ဟု လူသိများသည့် ၁၉၇၉ ခုနှစ် လူဝင်မှုကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ(၃၇) အရ ပြည်ပမှလာရောက်၍ ကာလရှည်နေထိုင်ကာ တစ်နိုင်ငံလုံးသို့ သွားရောက် ကြမည့် သိန်းနှင့်ချီသော နိုင်ငံခြားသားများအတွက် ထိုင်းအာဏာပိုင်များသို့ အစီရင်ခံ တင်ပြရန်ကိစ္စရပ်များနှင့် ပတ်သက်၍ လွယ်ကူချောမွေ့အောင် ဆောင်ရွက်ပေးလိမ့်မည် ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ လက်ရှိနည်းဥပဒေအရ ကာလရှည်ဗီဇာဖြင့် လာရောက် နေထိုင်ကြသော နိုင်ငံခြားသားများအနေဖြင့် ၎င်းတို့နေထိုင်ရာ အိမ်ရှိသည့်ပြည်နယ်မှ အခြားပြည်နယ်များသို့ ခရီးသွားပါက ထိုင်းအာဏာပိုင်များသို့ (၂၄)နာရီအတွင်းတင်ပြ သတင်းပို့ရန်လိုအပ်ပါသည်။ ကာလရှည် နေထိုင်ကြသည့် နိုင်ငံခြားသားများအနေဖြင့် ရက်ပေါင်း (၉၀)လျှင်တစ်ကြိမ် ထိုင်းအာဏာပိုင်များထံသို့ သတင်းပို့ရန်လိုအပ်ပါသည်။ အခြား အစီအမံများအနေဖြင့် အိမ်နီးခြင်းနိုင်ငံများသို့ ကုန်းလမ်းဖြင့် အလည်အပတ် သွားရောက်မည့် နိုင်ငံခြားသား ခရီးသွားများအား Re-entry Visas များအား အခမဲ့ ပြုလုပ်ပေးမည့် အစီအမံများလည်း ပါဝင်ပါသည်။ Mr. Kobsak က “ Thailand Grand Sale Festival” ပွဲတော်အား အာဆီယံခေါင်းဆောင်များတက်ရောက်မည့် ASEAN SUMMIT စတင်ကျင်းပမည့် နိုဝင်ဘာလ (၁)ရက်

နေ့တွင် စတင်ကျင်းပမည်ဖြစ်ကြောင်း၊ အာဆီယံနိုင်ငံများမှ လာရောက်ကြမည့် ဧည့်သည်များအနေဖြင့် စတိုးဆိုင်ကြီးများတွင် ဈေးဝယ်ပါက (၁၀%)လျှော့ဈေးဖြင့် ရရှိနိုင်မည် ဖြစ်ပါကြောင်းပြောကြားခဲ့ပါသည်။ Mr. Kobsak က လယ်ယာကဏ္ဍအနေဖြင့် စက်တင်ဘာလတွင် ဈေးနှုန်းနှင့်ထုတ်လုပ်မှုအပိုင်းတို့မှာ (၂%)နှင့် (၄%)ဟူ၍ အသီးသီး တိုးတက် ခဲ့ကြောင်း၊ သို့ရာတွင် အချို့သော သီးနှံများမှာ ဈေးနှုန်းလျော့နည်းနေဆဲဖြစ်ကြောင်း၊ အုန်းထန်းနှင့်ရာဘာတို့ဖြစ်ကြောင်း၊ သို့ဖြစ်၍ အစိုးရအနေဖြင့် ၎င်းတို့ကို ဈေးနှုန်းတိုးတက်ရရှိရေး ကြည့်ရှုဆောင်ရွက်ပေးရန်လိုအပ်မည်ဖြစ်ကြောင်း၊ ဘဏ္ဍာရေး ဝန်ကြီးဌာနအနေဖြင့် စီးပွားရေးနှင့်ပုဂ္ဂလိကများ၏ သုံးစွဲမှု (Private Consumption) တိုးမြင့်လာရေးအတွက် လှုံ့ဆော်အားပေးမည့် အခြား အစီအမံများကို စတင်မိတ်ဆက်ဆောင်ရွက်ပေးရန် မျှော်မှန်းထားကြောင်း၊ ထိုင်းစီးပွားရေးဘဏ်အနေဖြင့် ဩဂုတ်လတွင် ပုဂ္ဂလိကများ၏ သုံးစွဲမှု (Private Consumption) (၂.၂%)ရှိပြီး ၎င်းမှာ ဇူလိုင်လတွင်ရှိခဲ့သည့် (၂.၈%)ထက် ကျဆင်းခဲ့သည်ဟု အစီရင်ခံ တင်ပြခဲ့ကြောင်း၊ ဒုတိယလေးလပတ်တွင် ပုဂ္ဂလိကများ၏ သုံးစွဲမှု (Private Consumption) အနေဖြင့် (၃.၂%)ရှိပြီး ပထမ လေးလပတ်တွင် (၄.၃%)ရှိကြောင်း သိရှိရပါသည်။

**Source: စီးပွားရေးသံမှူး-ထိုင်း**

## အာဖရိကနိုင်ငံများနှင့် ကုန်သွယ်ရေးဆွေးနွေးမှုအသစ်တစ်ရပ် အီးယူစတင်

အီးယူသည် အရှေ့နှင့် တောင်ပိုင်းအာဖရိကနိုင်ငံ(၅)နိုင်ငံနှင့် ကျယ်ပြန့်သည့် ကုန်သွယ်မှုသဘောတူညီချက် အသစ်တစ်ရပ်ရရှိရေး စေ့စပ်ညှိနှိုင်းဆွေးနွေးမှုကို ပြီးခဲ့သည့် အောက်တိုဘာလ ၂ ရက်နေ့က စတင်ခဲ့ကြောင်း ဥရောပကော်မရှင်က ကြေညာချက် ထုတ်ပြန်ခဲ့မှုအရ သိရှိရပါသည်။ အီးယူနှင့်စီးပွားရေးမိတ်ဖက်ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်တွင် ကိုမိုရို့စ်၊ မဒါဂါစကာ၊ မော်ရေးရှား၊ ဆီရှဲလ်၊ ဇင်ဘာဘွေ စသည့်နိုင်ငံများပါဝင်ပြီး၊ ၂၀၁၂ ခုနှစ်တွင် စတင်အသက်ဝင်ခဲ့ကာ လက်ရှိအချိန်တွင် အဆိုပါသဘောတူညီချက်မှာ ကုန်စည်များအတွက်သာ အကျုံးဝင်ခြင်းဖြစ်ကြောင်းလည်း သိရပါသည်။ ဥရောပကော်မရှင်မှ ထုတ်ပြန်ခဲ့သည့် ကြေညာချက်တွင် ယခုသဘောတူညီ ချက်အသစ်သည် ကုန်သွယ်မှုနှင့် ဆက်စပ်နယ်ပယ်များဖြစ်သည့် ဝန်ဆောင်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှုဆိုင်ရာ နည်းပညာအတားအဆီးများ၊ ဉာဏပစ္စည်းမူပိုင်ခွင့်၊ ကုန်သွယ်မှုနှင့် ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်မှုစသည့်နယ်ပယ်များလည်းပါဝင်နိုင်ရန် မျှော်လင့် ထားကြောင်း ဖော်ပြထားပါသည်။ အဆိုပါ သဘောတူညီချက်တွင် ပါဝင်သည့် အာဖရိကနိုင်ငံ (၅)နိုင်ငံမှာ ဆာဟာရအာဖရိကဒေသခွဲတွင် အဆင်းရဲဆုံးနိုင်ငံများဖြစ်သော်လည်း ၂၀၁၂ ခုနှစ်၊ သဘောတူညီချက် စတင်အသက်ဝင်ချိန်မှစ၍ ၎င်းနိုင်ငံများမှ အီးယူသို့ ပို့ကုန်တင်ပို့မှုမှာ သုံးဆနီးပါး တိုးတက်လာခဲ့ပြီး၊ ၂၀၁၈ ခုနှစ်တွင် ပို့ကုန်တင်ပို့မှု ယူရို ၂.၈ သန်းနီးပါးသို့ ရောက်ရှိခဲ့ကြောင်း သိရှိရပါသည်။ အာဖရိကဒေသတွင်းနိုင်ငံများနှင့် စီးပွားရေးမိတ်ဖက်ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက် အကောင်အထည်ဖော်ရေး နေးကွေးမှုများနှင့်အတူ အီးယူနှင့်အာဖရိကနိုင်ငံများအကြား ကုန်သွယ်ရေးစီးဆင်းမှုသည်လည်း နည်းပါးခဲ့ပြီး ၂၀၁၆ ခုနှစ် စာရင်းများအရ အီးယူပို့ကုန်၏ ၈ ရာခိုင်နှုန်းနှင့် အီးယူသွင်းကုန်၏ ၇ ရာခိုင်နှုန်းအောက်တွင်သာ အာဖရိကနိုင်ငံများနှင့် ကုန်သွယ်မှုပြုခဲ့ခြင်းဖြစ်ကြောင်းသိရှိရပါသည်။ ဥရောပကော်မရှင်၏ နိုင်ငံတကာမိတ်ဖက်ပူးပေါင်းဆောင်ရွက်ရေး၏ ကော်မရှင်နာအဖြစ် အဆိုပြုထားခြင်းခံရသူ Jutta Urpilainen ကအာဖရိကဒေသနှင့် ခေတ်သစ်မဟာဗျူဟာမြောက်မိတ်ဖက်ပူးပေါင်းမှုကို ပြီးမြောက်အောင်ဆောင်ရွက်သွားမည်ဟု ပြီးခဲ့သည့် အောက်တိုဘာလ ၁ ရက်နေ့က ဥရောပပါလီမန်၏ဖွံ့ဖြိုးတိုးတက်မှုကော်မတီနှင့်ကြားနာခြင်းအစီအစဉ်တွင် ကတိပေးပြောကြားခဲ့ကြောင်းလည်း သိရှိရပါသည်။

**Source: စီးပွားရေးသံမှူး-ဘရပ်ဆဲလ်**

## စားသုံးဆီအစားထိုး ရေဆင်း(၁)စပ်မျိုးနေကြာများဖြစ်ထွန်း ယခုနှစ် မင်းဘူး(စကု)၌ နေကြာအထွက်နှုန်းကောင်းနိုင်ဟုမှန်း

မင်းဘူးဒေသ မင်းဘူး(စကု)မြို့နယ်အတွင်း မိုးရွာသွန်းမှုမြင့်မားခဲ့မှုကြောင့် ဆောင်းသီးနှံဖြစ်သောနေကြာကို စားသုံးဆီအစားထိုးသီးနှံအဖြစ် ဒေသအတွင်း အများအပြားစိုက်ပျိုးထားကြပြီး အထွက်နှုန်းကောင်းနိုင် ကြောင်း နေကြာစိုက်တောင်သူများထံမှသိရသည်။ ကျွန်တော်တို့ မင်းဘူး (စကု) မြို့နယ်အတွင်းမှာ ဆောင်းသီးနှံ နေကြာနဲ့ပတ်သက်လို့ နှစ်စဉ်ကော



၃၅၀၀၀ ကျော် စိုက်ပျိုးလျက်ရှိပါတယ်။ ယခုနှစ်မှာ ဆောင်းနေကြာ ဧက ၃၀၀၀၀ ကျော်လျာထားခဲ့ပြီး လက်ရှိနေကြာ စိုက်ဧက ၃၄၀၁၈ ဧက စိုက်ပျိုးပြီးဖြစ်ပါတယ်။ တောင်သူအများစု စိုက်ပျိုးတဲ့မျိုးတွေက ဆင်းရွှေကြာ(၂)၊ ရေဆင်း(၁)စပ်မျိုးတွေ စိုက်ပျိုးကြပါတယ်။ စိုက်ပျိုးရေး ဌာနက တပ်ကုန်း မျိုးစေ့ခြံနဲ့ချိတ်ဆက်ပြီး ရေဆင်း(၁) စပ်မျိုး နေကြာ ဧက ၃၆၀ စာ ဖြန့်ဖြူးထားပါတယ်။ ရေဆင်း(၁) စပ်မျိုးနေကြာဟာ သာမန် နေကြာမျိုးနဲ့စာရင် အထွက်နှုန်းကောင်းသလို ဆီထွက်ရှိနှုန်းလည်းပိုပါတယ် ဟု မင်းဘူး (စကု) မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးသိန်းနိုင်ဝင်းကပြောဆိုသည်။

ကျွန်တော် ဒီနှစ် နေကြာ နှစ်ဧကခွဲလောက် စိုက်ပျိုးထားပါတယ်။ နေကြာစိုက်မယ့်မြေကို ထွန်ရေးညက်အောင်ထွန်ရပြီး စိုက်တဲ့အခါ နှစ်ပေကွာ အတန်းလိုက်စိုက်တယ်။ မျိုးစေ့ ချရင် တစ်ကျင်းကို နှစ်စေ့လောက်ထည့်ပြီးစိုက် တယ်။ တစ်ဧကကို မျိုးစေ့ သုံးပြည်ခွဲ၊ လေးပြည်လောက်ကျတယ်။ နေကြာမပွင့်မီ အဖူးငုံချိန်မှာ ဓာတ်မြေသြဇာကျွေးပြီး ရေသွင်းပေးရပြီး၊ ယခုနှစ်တွင် အထွက်နှုန်းကောင်းသည့်ရေဆင်း (၁)စပ်မျိုး နေကြာမျိုး စိုက်ပျိုးထားတယ်"ဟု မင်းဘူး(စကု)မြို့နယ် မောင်းမကန်ကျေးရွာနေ တောင်သူ ကိုဝင်းဇော်ဦးက ပြောဆိုသည်။ လာမည့်နှစ်တွင် စိုက်ပျိုးရေးဌာနမှ ရေဆင်း(၁) စပ်မျိုးနေကြာကို မျိုးစေ့ထုတ်ပြီး စပါးနှင့်ပတ်သက်၍ မျိုးကောင်းမျိုးသန့်ဖြန့်ဖြူး ပေးနိုင်သကဲ့သို့ နေကြာနှင့်ပတ်သက်ပြီး မျိုးကောင်းမျိုးသန့်ဖြန့်ဖြူးပေးနိုင်ရန် လာမည့် နှစ်အတွက် စီစဉ်ပြီးဖြစ်ကြောင်း မြို့နယ်စိုက် ပျိုးရေးဦးစီးဌာနမှသိရသည်။

**Source:** https://myanmar.mmtimes.com/news/129313.html

## ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းမှ တရုတ်နိုင်ငံသို့ မြန်မာ–တရုတ်ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းဖြင့် တစ်ရက်လျှင် ပျမ်းမျှသဘာဝဓာတ်ငွေ့ ကုဗပေ သန်း ၄၀၀ ခန့်နှင့် ရေနံစိမ်းတန်ချိန် ၁၆၀၀၀ ခန့် နေ့စဉ်ပို့လွှတ်ပေးလျက်ရှိ



ရခိုင်ကမ်းလွန်ရှိ ရွှေသဘာဝဓာတ်ငွေ့ စီမံကိန်းမှ တရုတ်နိုင်ငံသို့ ရေနံနှင့် သဘာဝဓာတ်ငွေ့ ပိုက်လိုင်းဖြင့် တစ်ရက်လျှင် ပျမ်းမျှ သဘာဝဓာတ်ငွေ့ကုဗပေသန်း ၄၀၀ ခန့်နှင့် ရခိုင်ပြည်နယ် မဒေးကျွန်းမှ ပျမ်းမျှ ရေနံစိမ်းတန်ချိန် ၁၆၀၀၀ ခန့် နေ့စဉ်ပို့လွှတ်ပေးလျက်ရှိကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှသိရသည်။ ပြည်တွင်းသုံးစွဲမှု အနေဖြင့်မူ နေ့စဉ်သဘာဝဓာတ်ငွေ့ ကုဗပေသန်း ၁၀၀ ခန့် ရယူသုံးစွဲလျက်ရှိကြောင်းသိရသည်။

မြန်မာ–တရုတ်ရေနံနှင့် သဘာဝဓာတ်ငွေ့ ပိုက်လိုင်းစီမံကိန်းသည် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် ရမ်းဗြဲကျွန်းမှစတင်၍ လည်းကောင်း၊ ရေနံစိမ်းပိုက်လိုင်းသည် မဒေးကျွန်းမှစတင်၍လည်းကောင်း သွယ်တန်းထားသည်။ ပိုက်လိုင်းများသည် မြန်မာနိုင်ငံအတွင်း ရခိုင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့်ရှမ်းပြည်နယ်တို့ကို ဖြတ်သန်းပြီး တရုတ်နိုင်ငံ ရွှေလီမြို့မှတစ်ဆင့် တရုတ်နိုင်ငံအတွင်းသို့ အသီးသီး ဝင်ရောက်သွယ်တန်းထားသည်။ ရေနံစိမ်းပိုက်လိုင်းသည် စုစုပေါင်း ၇၇၁ ကီလိုမီတာရှည်လျားပြီး သဘာဝဓာတ်ငွေ့ပိုက်လိုင်းမှာမူ စုစုပေါင်း ၇၉၃ ကီလိုမီတာ ရှည်လျားသည်။ ၂၀၁၉ ခုနှစ် ဇွန်လအထိ ခြောက်လအတွင်း မြန်မာ–တရုတ်ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းမှတစ်ဆင့် တရုတ်သို့ ရေနံစိမ်းတန်ချိန်ငါးသန်းနှင့် သဘာဝဓာတ်ငွေ့တန်ချိန် ၁ ဒသမ ၆၈ သန်းတင်ပို့ခဲ့ပြီး ယခင်နှစ်ကာလတူထက် ရေနံစိမ်းတင်ပို့မှု ပိုမိုမြင့်တက်ခဲ့ကြောင်း Xinhua သတင်းဌာန၏ ဖော်ပြချက်အရသိရသည်။

၂၀၁၉ ခုနှစ် ပထမခြောက်လတာကာလအတွင်း မြန်မာ–တရုတ်ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းမှတစ်ဆင့် တရုတ်နိုင်ငံအတွင်းသို့ ရေနံစိမ်းတန်ချိန် ငါးသန်းဝန်းကျင် တင်သွင်းနိုင်ခဲ့ရာ ယခင်နှစ်ကာလတူထက် ၂ ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း ယူနန်ပြည်နယ် ကူမင်းအကောက်ခွန်ဌာနက ၂၀၁၉ ခုနှစ် ဇူလိုင် ၂၁ ရက်တွင် ထုတ်ပြန်သည့် တင်သွင်းမှု စာရင်းအချက်အလက်များအရသိရသည်။ မြန်မာ–တရုတ် ရေနံပိုက်လိုင်းမှတစ်ဆင့် ခြောက်လအတွင်းတင်ပို့သော ရေနံစိမ်းများ၏ တန်ဖိုးပမာဏမှာ တရုတ်ယွမ်ငွေ ၁၇ ဒသမ ၂၇ ဘီလျံ (အမေရိကန်ဒေါ်လာ ၂ ဒသမ ၅၁ ဘီလျံ) ခန့်ဖြစ်ပြီး ယခင်နှစ် အလားတူကာလနှင့်နှိုင်းယှဉ်ပါက ၉ ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။ တင်ပို့ခဲ့သော ရေနံစိမ်းတစ်တန်လျှင် ပျမ်းမျှတန်ဖိုး ၃၄၄၃ ဒသမ ၈ ယွမ်ဝန်းကျင် ဈေးနှုန်းကျသင့်ခြင်းကြောင့် ယခင်နှစ် အလားတူကာလအတွင်း ကျသင့်ခဲ့သည့် ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ၆ ဒသမ ၄ ရာခိုင်နှုန်းခန့် မြင့်တက်လာခဲ့ခြင်းဖြစ်သည်။ ထို့အတူ မြန်မာ–တရုတ် သဘာဝ

ခေတ်ငွေ့ပိုက်လိုင်းမှတစ်ဆင့် တရုတ်နိုင်ငံသို့ ခြောက်လအတွင်း တင်သွင်းခဲ့သည့် သဘာဝဓာတ်ငွေ့ပမာဏမှာ တန်ချိန် ၁ ဒသမ ၆၈ သန်း (ကုဗမီတာ ၂ ဒသမ ၅ ဘီလျံ) ဝန်းကျင်ရှိပြီး ယခင်နှစ်အလားတူကာလနှင့်နှိုင်းယှဉ်ပါက ၂ ဒသမ ၃ ရာခိုင်နှုန်းကျဆင်းခဲ့သည်။ တင်ပို့ခဲ့သည့် သဘာဝဓာတ်ငွေ့များ၏ တန်ဖိုးပမာဏသည် ယွမ် ၅ ဒသမ ၈၉ ဘီလျံ (အမေရိကန်ဒေါ်လာ သန်း ၈၀၀ ကျော်) ဖြစ်သည့်အတွက် ယခင်နှစ်အလားတူကာလနှင့်နှိုင်းယှဉ်ပါက ၁၁ ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။ တင်ပို့ခဲ့သည့် သဘာဝဓာတ်ငွေ့ တစ်တန်၏ ပျမ်းမျှတန်ဖိုးမှာ ၃၄၉၉ ဒသမ ၂ ယွမ်ဖြစ်ပြီး ယခင်နှစ်ကာလတူဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက ၁၄ ဒသမ ၄ ရာခိုင်နှုန်းမြင့်တက်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

မြန်မာ-တရုတ် ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းသည် ကီလိုမီတာ ၁၄၂၀ ဝန်းကျင်ရှည်လျားပြီး ၂၀၁၃ ခုနှစ် ဇူလိုင်လတွင် ယင်းပိုက်လိုင်းမှတစ်ဆင့် သဘာဝဓာတ်ငွေ့တင်ပို့မှုများ စတင်ပြုလုပ်ခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် ရေနံစိမ်းတင်ပို့မှုများ စတင်ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ရေနံနှင့်သဘာဝဓာတ်ငွေ့ ပိုက်လိုင်းစတင်ဖွင့်လှစ်သည့်အချိန်မှစ၍ လက်ရှိအချိန်အထိ မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ ရေနံစိမ်းတန်ချိန် ၁၉ သန်းနှင့် သဘာဝဓာတ်ငွေ့တန်ချိန် ၁၃ ဒသမ ၄၄ သန်း တင်ပို့ခဲ့ပြီးဖြစ်သည်။ မြန်မာ-တရုတ်သဘာဝဓာတ်ငွေ့ပိုက်လိုင်းကို SEAGP ကုမ္ပဏီက တာန်ယူဆောင်ရွက်ပြီး ရေနံစိမ်းပိုက်လိုင်းကိုမူ SEAOP ကုမ္ပဏီက တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်သည်။

**Source:** https://news-eleven.com/article/138942

## စလစ်ဈေး ကျပ် ၁၅ သိန်းဝန်းကျင်ကျဆင်းပြီးနောက် ယာဉ်အရောင်းအဝယ် ပြန်လည်ဦးမော့လာ

ယာဉ်တင်သွင်းခွင့် စလစ်ဈေးနှုန်းသည် ကျပ် ၁၅ သိန်းဝန်းကျင် ကျဆင်းနေပြီး တိုက်ရိုက်သက်ဆိုင်မှုအဖြစ် ယာဉ်အရောင်းအဝယ်ကောင်းမွန်နေကြောင်း ယာဉ်ဈေးကွက်အတွင်းရှိ ရောင်းဝယ်နေသူများကပြောသည်။ အစိုးရက စည်းကြပ်မှုမှ လွတ်ကင်းနေသည့် ဝင်ငွေအပေါ်အခွန်လျှော့ချခြင်းနှင့် ဖောက်စွပ်၊ ဖြတ်ဆက်ယာဉ်များကို အစားထိုးယာဉ်တင်သွင်းခွင့် စလစ်ထုတ်ပေးသည့် ဥပဒေနှင့်မူဝါဒများကြောင့် အကျိုးဆက်အနေဖြင့် စက်တင်ဘာကစ၍ ယာဉ်အရောင်းအဝယ်ဈေးကွက် ပြန်လည်ဦးမော့လာခြင်းဖြစ်ကြောင်း MMM ယာဉ်အရောင်းအဝယ်စင်တာပိုင်ရှင် ဦးမင်းမင်းမောင်က ပြောသည်။ စလစ်ဈေးကွက်တွင် နှစ် ၂၀ စလစ်ဈေးသည် ယခင် ကျပ် သိန်း ၁၂၀ ဝန်းကျင်ရှိရာမှ လက်ရှိတွင် ကျပ်သိန်း ၁၀၀ ခန့်သာရှိ ကြောင်း၊ ယင်းကြောင့်တိုက်ကြေ ကားများအတွက်ထုတ်ပေးသည့် စလစ်ဈေးနှုန်းပါလိုက်ပါကျဆင်း ကြောင်း ၎င်းကပြောသည်။ သိန်း ၁၀၀ နဲ့ ၃၀၀ ကြား ကားတွေ အရောင်းအဝယ်အတော်ဖြစ်နေတယ်။ Brand new တင်သွင်းတာလည်း အထိုက်အလျောက် အလုပ်ဖြစ်လာတယ်ဟု ဦးမင်းမင်းမောင်ကပြောသည်။ ဖောက်စွပ်နှင့်ဖြတ်ဆက်ယာဉ် ကညနသို့ လာရောက်အပ်နှံမှု ပိုမိုများပြားလာပါက စလစ်ဈေးနှုန်းအပေါ် ယခုထက်ပိုမိုသက်ရောက်မည်ဖြစ်ပြီး လတ်တလောတွင် စလစ်ကိုဝယ်လှောင်နေသူများရှိကြောင်း မော်တော်ယာဉ်ရောင်းဝယ်ရေးအသင်း(ရန်ကုန်) ဥက္ကဋ္ဌ ဦးအောင်သန်းဝင်းက ဆိုသည်။ ဖောက်စွပ်၊ ဖြတ်ဆက်က ကညနစာရင်းရသေးတာ ၃၆၂ စီးပဲရှိသေးတယ်။ အဲဒါတွေက ထွက်မယ့်စလစ်ကို ဈေးနှိမ်ပြီး ဝယ်လှောင်နေတဲ့သူတွေလည်း ရှိတယ်ဟု ၎င်းကပြောသည်။

ယခုအခွန်စနစ်နှင့် ကားမူ ဝါဒသည် ရေရှည်သွားသင့်ပြီး ပြည်တွင်းယာဉ်ဈေးကွက် ကာလရှည်ကြာ အရောင်းအဝယ်အေးမှုကို ပြန်လည်နိုးထနိုင်သည့် စနစ် ကောင်းဖြစ်ကြောင်း လမင်းတစ်ရာ ယာဉ်အရောင်းပြခန်းပိုင်ရှင် ဦးဆွေထွန်းကဆိုသည်။ သိန်း ၁၅၀ နဲ့ ၂၅၀ ကြားရှိတဲ့ ဂျပန်တစ်ပတ်ရစ် ကားဈေးကွက်မှာ အရောင်းအဝယ်သွက်နေတယ်။ သိန်း ၃၀၀ ကျော်လောက်ရှိတဲ့ ကားတွေလည်း ထုတ်တဲ့သူရှိရင် အဝယ်ဖြစ်နေတယ်ဟု ယာဉ်ရောင်းဝယ်ရေး ၁၀ နှစ်ကြာလုပ်သည့် ကိုမိုက်ကယ်အောင်ကပြောသည်။ အစိုးရက နှစ်မကုန်မီထုတ်ပြန်ပေးမည့် ၂၀၂၀ ယာဉ်တင်သွင်းခွင့် သတ်မှတ်ချက်သည် လည်း ယာဉ်အရောင်းအဝယ်အတွက် အရေးကြီးသည့် ဆုံးဖြတ်ချက်ဖြစ်လာမည်ဟု မြန်မာနိုင်ငံယာဉ်ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းရှင်များအသင်း ဒုဥက္ကဋ္ဌ ဦးဇော်ထိုက်အေးကသုံးသပ်သည်။ နှစ်ကုန်ခါနီးရင် မော်တော်ယာဉ် ဈေးကွက်အတွက် အရေးကြီးတယ်။ မော်တော်ယာဉ်တင်သွင်းခွင့်မှာ ဘယ်လောက်ထိ ဖြေလျှော့ပေးမလဲပေါ်မူတည်ပြီး ထပ်ပြီးတော့ မော်တော်ယာဉ် အရောင်းအဝယ်ကောင်းမလား၊ ကျလာမလား အဲဒါကြည့်ပြီး နောက်နှစ်မှာထပ်ဆုံးဖြတ်လို့ရမယ်ဟု ဦးဇော်ထိုက်အေးကပြောသည်။

ယခင်က ကျပ်သိန်း ၁၀၀၀ တန်ယာဉ်ဝယ်ယူမည်ဆိုပါက လူအမည်ပေါက်ဆိုလျှင် ဝင်ငွေခွန် ၁၈၅ သိန်းပေးဆောင်ရပြီးကုမ္ပဏီ အမည်ပေါက်ဆိုပါက ၂ ရာခိုင်နှုန်း (သိန်း ၂၀) သာ ပေးဆောင်ရ၍ ကုမ္ပဏီအမည်ပေါက်ဖြင့် ယာဉ်တင်သွင်းသူများပြားသော်လည်း ယခု အခွန်နှုန်းထားဖြင့်ဆိုပါက အမည်ပေါက်ဖြင့် ဝင်ငွေခွန်ပေးဆောင်ကာ ဝယ်ယူမည့်သူ ပိုများလာမည်ဟု ဦးဇော်ထိုက်အေးကဆိုသည်။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည့် အချက်အလက်များအရ တိုင်းနှင့်ပြည်နယ်အားလုံးတွင် လူစီးယာဉ်တင်သွင်းခွင့်ပေးထားသည့် ယာဉ်အစီးရေသည် ၂၀၁၉ ဩဂုတ် အထိ ၅၅၃၉၇၁ စီးရှိသည်။

**Source:** https://www.7daydaily.com/detail?id=167966

## ဓာတုဆေးသုံးစွဲသည့် လျှော်ဖြူစေးများ ဝယ်လက်မရှိဟုဆို

မကွေးတိုင်းဒေသကြီးရှိ မြို့နယ်အသီးသီး၌ လျှော်ဖြူအစေး ပိုမိုထွက်ရှိရန် ဓာတုဆေးသုံးစွဲထားသည့် လျှော်ဖြူစေးများ ဝယ်လက်မရှိသဖြင့် စီးပွားရေးအခက်အခဲဖြစ်နေကြောင်း မကွေးတိုင်း အသေးစား၊ အလတ်စားလုပ်ငန်းရှင်များအသင်း (SME) ဖွံ့ဖြိုးတိုးတက်ရေး မကွေးတိုင်းတာဝန်ခံ ဦးသိုက်စိုးထွန်းကပြောသည်။ လျှော်ဖြူအစေး ပိုထွက်ဖို့အတွက် ရော်ဘာအစေး ထုတ်တာမှာသုံးတဲ့ ဓာတုဆေးကို လျှော်ဖြူစေးထုတ်လုပ်မှုမှာ သုံးလာတော့ ဝယ်လက်ကမဝယ်တော့ဘူး။ လောလောဆယ် အဓိကဝယ်လက်က တရုတ်ဖြစ်တော့ စစ်ဆေးကြည့်လို့ ဆေးသုံးထားရင် လုံးဝမဝယ်တော့ဘူး။ အော်ဂဲနစ်မဖြစ်သေးတောင် အနိမ့်ဆုံး GAP စိုက်ပျိုးမှုဖြစ်မှ နိုင်ငံတကာဈေးကွက်ကိုရောင်းလို့ရမယ်။ အဲဒါကြောင့်စိုက်ပျိုးသူတွေကို ပြောပြနေပါတယ်ဟု ၎င်းကဆိုသည်။

လက်ရှိတွင် မန္တလေးလျှော်ဖြူအဝယ်ဒိုင်များက အောက်တိုဘာ ၇ ရက် ပေါက်ဈေးအရ တစ်ပိဿာလျှင် ကျပ်နှစ်သောင်း သုံးထောင်ခန့်ဖြင့်ဝယ်ယူနေပြီး ဓာတုဆေးသုံးသည့်လျှော်ဖြူအစေးကို ဝယ်လက်မရှိကြောင်း လျှော်ဖြူစိုက်ပျိုးသူများက ပြောသည်။ စက်တင်ဘာနှင့်အောက်တိုဘာတွင် လျှော်ဖြူ အစေးသည် တစ်ပိဿာလျှင် ကျပ်လေးသောင်းကျော်ဖြင့် ပုံမှန်ရှိသော်လည်း ယခုနှစ်၌ ကျပ်နှစ်သောင်းခန့်ကျဆင်းကြောင်း လျှော်ဖြူစိုက်ပျိုးသူများကပြောသည်။ ကျွန်တော်တို့ စိုက်ပျိုးရေးသမားတွေ ဘာပဲစိုက်စိုက် အနိမ့်ဆုံး GAP စနစ်နဲ့ စိုက်ပျိုးဖို့နဲ့ GAP လက်မှတ်ရှိဖို့လိုတယ်။ အဲဒါဆိုဈေးမှန်ရမယ်။ လျှော်ဖြူက တရုတ်ဝယ်လက်ကို အားကိုးနေရတော့ သူတို့က GAP အဆင့်ကို မရောက်ရင်မဝယ်တော့ ပြည်တွင်းမှာပဲ ဖြစ်သလိုရောင်းရင် အဆင်ပြေမှာမဟုတ်ဘူးဟု ဦးသိုက်စိုးထွန်းကပြောသည်။ လျှော်ဖြူ စိုက်ပျိုးရာတွင် ပိုမိုဖွံ့ဖြိုးစေရေး GAP စနစ်ဖြင့် စိုက်ပျိုးရမည်ဖြစ်သကဲ့သို့ မကွေးတိုင်းအစိုးရ၏ ချိတ်ဆက်ဆောင်ရွက်မှုဖြင့် မကွေးတိုင်းရှိ GAP စနစ်နှင့် အော်ဂဲနစ်စနစ်အဆင့် လျှော်ဖြူအစေးကို ဂျပန်နိုင်ငံက ၂၅ တန်ဝယ်ယူရန် သဘောတူညီထားပြီး ယခုလစတင်ပို့ဆောင်မည်ဖြစ်ကြောင်း ဦးသိုက်စိုးထွန်းကပြောသည်။

**Source:** https://www.7daydaily.com/detail?id=167963

## တရုတ်နိုင်ငံမှ ဝယ်လိုအားကောင်းလာနိုင်သဖြင့် မိုးရာသီစိုက် ဖရဲသီးများ ဈေးကောင်းရလာနိုင်

ယခုလကုန်မတိုင်မီအတွင်း တရုတ်နိုင်ငံမှ ဝယ်လိုအားကောင်းလာနိုင်သည့် အခြေအနေရှိနေ၍ မိုးရာသီစိုက်ဖရဲသီးများ ဈေးကောင်းရလာနိုင်ကြောင်း ဖရဲသီး စိုက်ပျိုး၊ တင်ပို့နေသူများက ခန့်မှန်းနေကြသည်။ တရုတ်နိုင်ငံ ဖရဲစိုက်ဒေသများမှ ဖရဲသီးများမှာ စိုက်ပျိုးထုတ်လုပ်ရာသီကုန်တော့မည်ဖြစ်ပြီး ယခုအောက်တိုဘာလလယ်မှစတင်ကာ အထွက်နှုန်း လျော့ကျလာတော့မည်ဖြစ်၍ ပြည်တွင်းစိုက်ပျိုးသည့် မိုးဖရဲများ အရည်အသွေးကောင်းမွန်ပါက ဈေးကောင်းရနိုင်ကြောင်း မူဆယ် ၁၀၅ မိုင် သစ်သီးဝလံကုန်စည်ဒိုင်ရှိ ခွာညိုသစ်သီးပွဲရုံပိုင်ရှင် ဦးစိုင်းခင်မောင်ကသုံးသပ်သည်။ ယခင်နှစ်ကာလတူတွင် မိုးဖရဲ ဈေးကွက်ဝယ်လိုအားကောင်းခဲ့သော်လည်း ယခုနှစ်တွင်ဝယ်လိုအားနည်း ဈေးကွက်ကျဆင်းနေခြင်းဖြစ်သည်။ ထို့ကြောင့် တရုတ်နိုင်ငံဘက်မှ ဖရဲသီးရာသီကုန်ချိန်တွင် ဈေးကောင်းရလာနိုင်မည်ဟု မျှော်လင့်နေခြင်းဖြစ်သည်။

လားရှိုး-မူဆယ်ကြား နယ်မြေလုံခြုံရေးမကောင်းသေးသဖြင့် နေ့ပိုင်းသာဖြတ်သန်းတင်ပို့နေသဖြင့် ပြည်တွင်း ဖရဲအသီးကားများ မူဆယ်အထိ နေချင်းမရောက်တော့ဘဲ တစ်ညအိပ်ကြာမြင့်နေကြောင်းသိရသည်။ လက်ရှိ ဈေးကွက်အတွင်းသို့

ရှမ်းပြည်နယ်စိုက် ၈၅၅ ဖရဲသီးများ အဝင်များနေကာ တစ်တန်လျှင် ယွမ် ၁၀၀၀ မှ ၁၇၀၀အထိ ပေါက်ဈေးရှိနေပြီး ပြည်တွင်းစိုက် ၈၅၅ ဖရဲသီးမှာ ယွမ် ၈၀၀မှ ၁၂၀၀ပေါက်ဈေးရှိသည်။ လက်ရှိတွင် တရုတ်ယွမ်ငွေလဲနှုန်းမှာ ၁ ယွမ်လျှင် မြန်မာငွေ ၂၁၄ ကျပ် ပေါက်ဈေးရှိနေသည်။

လက်ရှိတွင် မိုးဖရဲသီးများကို နေပြည်တော် ၊မိတ္ထီလာ၊သာစည်ဒေသများနှင့်မြင်းမူ၊ မြောင်ဒေသများမှ တင်ပို့လျက်ရှိကြောင်းသိရသည်။ မိုးဖရဲမှာ စိုက်ပျိုးချိန်တိုပြီး စိုက်ပျိုးစရိတ် ကျပ်သိန်း ၃၀ ခန့်ကုန်ကျကြောင်း၊ ဈေးကောင်းနေချိန် အသီးတင်ပို့သည့် လမ်းပန်းဆက်သွယ်ရေးလုံခြုံချောမွေ့စေရန် ဆုတောင်းနေရကြောင်း မိတ္ထီလာမြို့နယ်အတွင်းမှ မိုးဖရဲစိုက်တောင်သူကိုမျိုးကပြောသည်။ အခုအသီးဖမ်းနေပါပြီ လာမယ့်အောက်တိုဘာလကုန်ရင် အသီးတင်နိုင်တော့မှာပါဟု ၄င်းကပြောသည်။

**Sources: The Farmer Weekly Journal**

https://www.facebook.com/myanmaawba/?ref=page_internal

## ကြံစိုက်တောင်သူ ဈေးကောင်းရဖို့ မလွယ်သေး

ဒီနှစ်ကြံရာသီမှာလည်း ကြံစိုက်တောင်သူတွေ ဈေးကောင်းရရှိဖို့ မလွယ်ဘူးလို့ ကြံစိုက်တောင် သူတွေနဲ့ သကြားစက်အချို့ဆီကသိရပါတယ်။ နန်းရွှေရည်သကြားစက်က ဦးဇော်ဝင်းက သကြားဈေးကွက် အခြေအနေကတော့ အခုဆက်တိုက်ကျနေတာပေါ့၊ အရောင်းအဝယ်လဲမကောင်းဘူး၊ အဲဒီတော့ တရုတ်ပြည်ကို အင်တိုက်အားတိုက် မထွက်နိုင်ဘူးဆိုရင် တော့ တောင်သူတွေအတွက် သိပ်မျှော်လင့်ချက်မရှိဘူးဖြစ်နေတယ်လို့ ပြောပါတယ်။ ပြီးခဲ့တဲ့ ကြံရာသီတုန်းကလည်း ကြံစိုက်တောင်သူတွေ ကြံတစ်တန်ကို ကျပ် ၄၂၀၀၀ ကနေ ၄၅၀၀၀ အထိသာ ဈေးရခဲ့တာပါ။ အရှုံးနဲ့ရင်ဆိုင်ခဲ့ကြ ရသလို သကြားစက်တွေလည်း စက်ရုံရပ်နားတဲ့အထိ အ ခက်အခဲကြုံခဲ့ကြရပါတယ်။ပြီးခဲ့တဲ့ စက်တင်ဘာလ ၁၀ ရက်၊၁၁ ရက်နေ့က ဒုတိယသမ္မတဦးဟင်နရီဗန်ထီးယူ ဦးဆောင်ပြီး နေပြည်တော်မှာ သကြားဖိုရမ်ပြုလုပ်ပါတယ်။ သကြားစက်ပိုင်ရှင်အချို့ရဲ့ ပြောပြချက်အရတော့ အခုလိုသကြားစက်တွေရော ကြံစိုက်တောင်သူတွေပါ အခက်တွေ့စေတာ က ၂၀၁၇/၂၀၁၈ ကာလ Re-Export သကြားများတင်သွင်းလာခြင်းနဲ့ တရုတ်နိုင်ငံအနေနဲ့ တင်သွင်းမှု အပေါ် တင်းကျပ်စွာ တားဆီးခြင်းဖြစ်တယ်လို့သိရပါတယ်။

နယ်စပ်စာရင်းများအရ လက်ရှိပြည်တွင်းမှာ သကြားတန်ချိန် ၁၆၀၀၀၀ ခန့် ကျန်ရှိနေပြီး ဒါကလည်း တရုတ်ပြည်မှ တရားဝင်တင်သွင်းခွင့်ပြုမှု သေချာခြင်းမရှိသေးဘဲ ဈေးကွက်မသေချာခင် အစိုးရအနေနဲ့တင်သွင်းခွင့်ပြုခဲ့ခြင်းကြောင့် ဖြစ်တယ်လို့သိရပါတယ်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကလည်း ပြည်တွင်းသကြားကုန်ကြမ်းသုံးစွဲတဲ့ လုပ်ငန်းရှင်တွေအပေါ် စည်းမျဉ်းစည်းကမ်းတွေ တိကျစွာမသတ်မှတ်နိုင်မီကာလမှာ သကြားတန်ချိန်များစွာတင်သွင်းခွင့်ပြုခဲ့ခြင်းကြောင့်ဖြစ်တယ်လို့သိရပါတယ်။ ဒီနှစ်သကြားဖိုရမ် မှာ short term အနေနဲ့ ကြံစိုက်ခင်းများမှ စက်ရုံသို့ကြံသယ်ယူရာမှာ တိုးဂိတ်ဖြတ်သန်းခ၊ တံတားဖြတ်သန်းခနဲ့ မြို့ဝင်ကြေးများ ကင်းလွတ်ခွင့် ရရှိရေး၊ ပြည်တွင်းသကြားလုပ်ငန်းများယှဉ်ပြိုင်နိုင်စွမ်းရှိတဲ့ ကာလအထိ ReExport သကြားတင်သွင်းခွင့်အား ပိတ်ပင် ထားရှိရေး၊ တရားမဝင်သကြားများ ဝင်ရောက်နေမှုကို တရားမဝင် ကုန်သွယ်မှုတားဆီးရေးကော်မတီ မှ ပိုမိုထိရောက်စွာ တားဆီးပေးရေး၊ import sugar တင်သွင်းမှုကို သက်ဆိုင်သူများပါ ဝင်တဲ့ Board ဖွဲ့စည်းဆောင်ရွက်ကာ ပေးသွင်းခွင့်ပြုရေးစတဲ့အချက်တွေကို ရလဒ်အနေနဲ့ရရှိခဲ့ပြီး အစိုးရတာဝန်ရှိသူတွေကို တင်ပြထားတယ်လို့ သိရပါတယ်။

ဒ့ါအပြင် တင်သွင်းသကြားများဈေးကွက်သို့ တိုက်ရိုက်ရောင်းချပါက ပို့ကုန်/သွင်းကုန် ဥပဒေနဲ့ထိရောက်စွာအရေးယူမယ်လို့ ကြေညာဆောင်ရွက်ခွင့်ပြုရေးနဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သကြားတင်ပို့ရောင်းချနိုင်ရေးအတွက် G to G ရောင်းချခွင့်ရရှိရေးတို့ကိုလည်း short term အနေနဲ့သတ်မှတ်နိုင်ခဲ့တယ်လို့ သိရပါတယ်။ Medium term အနေနဲ့ ကတော့ လယ်ယာမြေမှာ ကြံသီးနှံပြောင်းလဲစိုက်ပျိုးခွင့်ရရှိရေး၊ ပုံစံ (၇) မရှိပေမဲ့လည်း နှစ်စဉ်ကြံစိုက်ပျိုးနေတဲ့ မြေတွေကို လုပ်ပိုင်ခွင့်ရရှိစေရေး၊ MADA ချေးငွေကို နှစ်ချင်းငွေစနစ်မှ နှစ်နှစ် term loan စနစ်နဲ့ ချေးယူခွင့်ရရှိရေး၊ ကြံစိုက်တောင်သူများ စက်မှုလယ်ယာစနစ်သို့ကူးပြောင်းနိုင်ရေးအတွက် အငှားလိုက် စနစ် သို့မဟုတ် 2 Step Loan နဲ့ ဝယ်ယူရေးအတွက် သတ်မှတ်ချက်များဖြေလျှော့ပေးရန်တို့ ပါဝင်ပါတယ်။ ဒ့ါအပြင် ကြံစိုက်ပျိုးထုတ်လုပ်ရေးမှစကာ sugar industry ကွင်းဆက်တစ်ခုလုံး အရှိန်မြှင့်တင် ဆောင်ရွက်နိုင်ရေးအတွက် တာဝန်ယူ/တာဝန်ခံမယ့် အသင်းအ ဖွဲ့များ ပေါ်ပေါက်လာစေရေးတို့လည်း ပါဝင်ပါတယ်။ Long term သကြားထုတ်လုပ်မှုကုန်ကျစရိတ် လျှော့ချနိုင်ရေးအတွက် အခြားနိုင်ငံများနည်းတူ တန်ဖိုးမြင့်ထုတ် ကုန်များအဖြစ် renewable energy များ ဖြစ်တဲ့ Bio ethanol ထုတ်လုပ်ရောင်းချ နိုင်ရေး အတွက် E 10 ဒါမှမဟုတ် E 5 စနစ် သုံးစွဲခွင့်

ချမှတ်နိုင်ရေးနဲ့ CoGeneration ကို national grid ပေါ်သို့ တင်လွှတ်ရောင်းချခွင့်ရရှိရေး နိုင်ငံတော်မှ မူသတ်မှတ်ပေးဖို့နဲ့ sugar law ပေါ်ထွက်လာရေး အတွက် ဌာနနှင့်အသင်းမှ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေးတို့ ပါဝင်ပါတယ်။

နေပြည်တော်မှ ကြံစိုက်တောင်သူ တစ်ဦးက ဒီနှစ် ရာသီဥတုကမကောင်းတာရော၊ တောင်သူတွေက ပြန်ဖျက်ကြတာရော ကြံအထွက်နှုန်းကတော့ ပြီးခဲ့တဲ့ နှစ်ကထက်ကိုလျော့မှာ၊ ဈေးကသာကောင်းမလာတာလို့ ပြောပါတယ်။ မန္တလေးတိုင်းဒေသကြီးမှာတော့ သကြားစက်တွေအနေနဲ့ ကြံတစ်တန်ကို ကျပ် ၃၉၀၀၀ ကနေ ကျပ် ၄၀၀၀၀ ဝန်းကျင်အထိ တောင်သူတွေနဲ့ စာချုပ်ချုပ်ဆိုထားပြီး အကွာအဝေးပေါ်မူတည်ပြီး ဈေးနှုန်းကွာခြားမှုရှိတယ်လို့သိရ ပါတယ်။ လက်ရှိပြည်တွင်းသကြားဈေးကတော့ တစ်ပိဿာကို ကျပ် ၉၅၀ ဝန်းကျင်ရှိတယ်လို့ သိရပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ပြည်ပမှနှစ်အလိုက်သကြားတင်သွင်းမှုကိုကြည့်ရင် ၂၀၁၇ ခုနှစ်မှာ ရန်ကုန်ဆိပ်ကမ်းကနေ သကြား တင်သွင်းမှုတန်ချိန် နှစ်သန်းနီးပါး၊ ၂၀၁၈ ခုနှစ်မှာ ရန်ကုန်ဆိပ်ကမ်းကနေ သကြားတင်သွင်းမှုတန်ချိန် ၁.၆ သန်း ကျော်၊ ၂၀၁၈ ခုနှစ်မှာ မြဝတီနယ်စပ်ကနေ သကြားတင်သွင်းမှုတန်ချိန် ၁.၃ သန်းနဲ့ ၂၀၁၉ ခုနှစ်မှာ ရန်ကုန် ဆိပ်ကမ်းကနေ သကြားတင်သွင်းမှုက ဇွန်လ မှ ဇူလိုင်လအထိ တန်ချိန် ၆၅၀၀၀ ကျော်တင်သွင်းထားတယ်လို့ သိရပါတယ်။

ပြည်တွင်းသကြား စံချိန်တင် ထုတ်လုပ်နိုင်မှုကတော့ ၂၀၁၆-၂၀၁၇ မှာ သကြားအထွက်နှုန်းတန်ချိန် ၂၄၀၀၀၀ ကျော်၊ ၂၀၁၇-၂၀၁၈ မှာ သကြားအထွက် နှုန်းတန်ချိန် ၃၇၀၀၀၀ ကျော်နဲ့ ၂၀၁၈-၂၀၁၉ မှာ သကြားအထွက်နှုန်းတန်ချိန် ၄၇၀၀၀၀ ကျော်ထုတ်လုပ်နိုင်ခဲ့တယ်လို့ သိရပါတယ်။ ကြံဈေးနှုန်း ကတော့ ပြီးခဲ့တဲ့ ၂၀၁၅-၂၀၁၆ ခုနှစ်မှာ တစ်တန်ကို ကျပ် ၅၀၀၀၀ အထိရှိခဲ့ပြီး ၂၀၁၆-၂၀၁၇ ခုနှစ်နောက် ပိုင်းမှ တဖြည်းဖြည်းကျဆင်းလာခဲ့တာဖြစ်ပါတယ်။

**Sources:** https://www.kumudranews.com/news-35437

## ကနေဒါနိုင်ငံနှင့်ပူးပေါင်းပြီး စိုက်ပျိုးရေးအဖျက်ပိုးမွှားများနှင့်ပတ်သက်သည့် အလုပ်ရုံဆွေးနွေးပွဲပြုလုပ်မည်

ကနေဒါနိုင်ငံ Canadian Executive Organization (CESO) နှင့် ပူးပေါင်းပြီး စိုက်ပျိုးရေး အဖျက်ပိုးမွှားများနှင့် ပတ်သက်သည့် အလုပ်ရုံဆွေးနွေးပွဲကို မန္တလေးမြို့တွင် ပြုလုပ်မည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး စက်မှု ကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ သတင်းရရှိသည်။ မန္တလေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနနှင့် ပူးပေါင်းပြီး ဆောင်ရွက်မည့်အဖွဲ့မှာ ကနေဒါနိုင်ငံ Canadian Executive Organization(CESO) ဖြစ်ပြီး ၊ MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး အထောက်အကူပြု Program များအနက် Integrated Pest Management Program အား အကောင်အထည် ဖော်နိုင်ရန်အတွက် ဆွေးနွေးပွဲများ ပြုလုပ်ခြင်းဖြစ်ကြောင်းသိရသည်။ အဆိုပါ စိုက်ပျိုးရေးအဖျက်ပိုးမွှားများနှင့်ပတ်သက်သည့်ဆွေးနွေးပွဲကို ယခုလ ၁၇ ရက်နေ့မှ ၁၈ ရက်နေ့အထိ မန္တလေးတိုင်းဒေသကြီး စက်မှု ကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရုံးတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်းသိရသည်။ စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်နေတဲ့ SME လုပ်ငန်းတွေ တက်ရောက်နိုင်ပါတယ် CESO အဖွဲ့က ကျွမ်း ကျင်ပညာရှင်က Program နဲ့ ပတ်သက်ပြီး ဆွေးနွေးပေးသွားမှာပါ ဟု အဆိုပါဦးစီးဌာနရှိ နည်းပညာနှင့်ဈေးကွက်မြှင့်တင်ရေးဌာန၏ ဌာနခွဲမှူးဒေါ်အိအိခိုင်ကပြောသည်။

စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဌာနနှင့် ကနေဒါနိုင်ငံ Canadian Executive Service Organization (CESO) အဖွဲ့အစည်းတို့ပူးပေါင်း၍ မြန်မာနိုင်ငံရှိ SME လုပ်ငန်းများအား ကူညီထောက်ပံ့ပေးနိုင်ရန် ဆွေးနွေးပွဲများကို ကျင်းပပေးနေကြောင်းသိရသည်။ ထို့ပြင် CESO အဖွဲ့အစည်းမှပညာရှင်များမှ မြန်မာနိုင်ငံ SMEလုပ်ငန်းများအား အကြံဉာဏ်နှင့်နည်းပညာများ ကူညီထောက်ပံ့ပေးနေကြောင်းလည်းသိရသည်။ အဆိုပါ Workshop သို့ တက်ရောက်လိုသော စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်နေသည့် SME လုပ်ငန်းများအနေဖြင့် ၀၂ ၄၀၃၉၅၇၃, ၀၉ ၄၂၂၄၇၉၀၅၃ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း အဆိုပါဌာနထံမှသိရသည်။

**Sources:** https://www.facebook.com/amiamyanmar/posts/2482138898538258? __tn__=K-R

## ကမ္ဘာ့ရွှေဈေးနှုန်း ဆက်တိုက်အားကောင်းနေမှုကြောင့် အိန္ဒိယနိုင်ငံ၏ပြည်ပမှ ရွှေတင်သွင်းမှုမှာ (၃) နှစ်အတွင်းအနိမ့်ဆုံးသို့ ကျဆင်းသွားခဲ့

ကမ္ဘာ့ရွှေဈေးနှုန်း ဆက်တိုက်အားကောင်းနေသည့် ဂယက်ကြောင့် အိန္ဒိယနိုင်ငံ၏ပြည်ပမှ ရွှေတင်သွင်းမှုမှာ (၃) လဆက်တိုက်ကျဆင်းခဲ့ပြီး ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလအတွင်း၌ ပြည်ပမှရွှေ (၂၆) တန်ခန့်သာ တင်သွင်းနိုင်ခဲ့ရာ (၃) နှစ်တာကာလအတွင်း ရွှေတင်သွင်းမှုအနည်းဆုံးလအဖြစ် မှတ်တမ်းတင်ခဲ့ကြောင်း သိရှိရပါသည်။ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလမှ စက်တင်ဘာလအထိ (၉) လတာကာလအတွင်း ကမ္ဘာ့ရွှေဈေးနှုန်း အားကောင်းခဲ့မှုနှင့် အိန္ဒိယအစိုးရက ရွှေထည်ပစ္စည်းများအပေါ် အခွန် (သွင်းကုန်ခွန်+ရောင်းခွန်) စုစုပေါင်း ၁၅.၅% အထိ တိုးမြှင့်ခဲ့ခြင်းတို့ကို အကြောင်းပြု၍ အိန္ဒိယနိုင်ငံအတွင်း ရွှေဈေးနှုန်းမှာ၂၆%အထိ မြင့်တက်ခဲ့ပြီး မွမ်ဘိုင်းဈေးကွက်တွင်ရွှေ (၁၀) ဂရမ်၏ဈေးမှာအိန္ဒိယနိုင်ငံသုံးရူပီးငွေ ၃၉,၈၈၅ရူပီး (အမေရိကန်ဒေါ်လာ ၅၆၂.၁၀ ဝန်းကျင်) ၌ဖြစ်ပေါ်ခဲ့ကြောင်း၊ ရွှေဈေးနှုန်းမြင့်တက်သွားသည့်အတွက် အိန္ဒိယပြည်သူများ၏



ရွှေဝယ်လိုအားသိသိသာသာလျော့နည်းသွားခဲ့သောကြောင့် အဆိုပါ (၉) လတာကာလအတွင်း အိန္ဒိယနိုင်ငံ၏ ပြည်ပမ ှရွှေတင်သွင်းမှုမှာ ယမန်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၁၂% ကျဆင်းသွားခဲ့ပြီး စုစုပေါင်းတန်ချိန် (၅၂၀.၆) တန်ခန့်သာ တင်သွင်းနိုင်ခဲ့သည်ဟု အိန္ဒိယရွှေကုန်သည်များက ပြောကြားခဲ့ကြောင်းသိရှိရပါသည်။

အောက်တိုဘာလတွင်မူ မကြာမီကျရောက်တော့မည့် ဒီပါဝါလီပွဲတော်နှင့် အခြားဘာသာရေးပွဲတော်များ၊ လက်ထပ်ထိမ်းမြားမင်္ဂလာ အခမ်းအနားများကြောင့် အိန္ဒိယပြည်သူများ၏ ရွှေဝယ်လိုအား ပြန်လည်များပြားလာခြင်းနှင့်အတူ အိန္ဒိယနိုင်ငံ၏ ပြည်ပမှရွှေတင်သွင်းမှုမှာ စက်တင်ဘာလထက် ပြန်လည်မြင့်တက်လာဖွယ်ရှိကြောင်း၊ သို့သော် ကမ္ဘာ့ရွှေဈေးနှုန်း အားကောင်းနေသည့်ဂယက်ကြောင့် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလအတွင်း ပြည်ပမှရွှေတင်သွင်းမှုမှာတန်ချိန် (၅၀) ဝန်းကျင်၌သာ အများဆုံးရှိနိုင်ပြီး ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလတွင် တင်သွင်းခဲ့သည့် ရွှေတန်ချိန် (၅၇) တန်ပမာဏကို မီနိုင်ဖွယ်မရှိဟု အိန္ဒိယရွှေကုန်သည်များက ခန့်မှန်းထားကြကြောင်းသိရှိရပါသည်။ လက်ရှိအချိန်တွင် မွမ်ဘိုင်းဈေးကွက်၌ ရွှေ (၁၀) ဂရမ်၏ ဈေးနှုန်းမှာ အိန္ဒိယနိုင်ငံသုံးရူပီးငွေ ၃၈၁၉၀ ရူပီး (အမေရိကန်ဒေါ်လာ ၅၃၇ ဒေါ်လာဝန်းကျင်) ၌ ဖြစ်ပေါ်လျက်ရှိကြောင်း www.reuters.com အင်တာနက် website တွင် ဖော်ပြပါရှိပါသည်။

**Sources:** https://www.facebook.com/a9biz/

## အာရှပစိဖိတ်ဒေသ၏ ခရီးသွားဧည့်သည် အရင်းအမြစ် အများဆုံးနိုင်ငံအဖြစ် တရုတ်နိုင်ငံက ဆက်လက်တည်ရှိနေ

တရုတ်နိုင်ငံသည် အာရှပစိဖိတ်ဒေသ၏ ခရီးသွားဧည့်သည် အရင်းအမြစ် အများဆုံးနိုင်ငံအဖြစ် ဆက်လက်တည်ရှိနေဆဲဖြစ်ကြောင်း ကမ္ဘာလုံးဆိုင်ရာ ငွေပေးချေမှုစနစ် နည်းပညာကုမ္ပဏီMastercard Incorporated၏ ယခုကာလများအတွင်း ထုတ်ပြန်သည့် စရင်းများအရ သိရသည်။အာရှပစိဖိတ်ဒေသ ထိပ်တန်းခရီးသွားနေရာ ၅ ခုဖြစ်သည့် ဘန်ကောက်၊ စင်ကာပူ၊ ကွာလာလမ်ပူ၊ တိုကျို၊ ဆိုးလ်မြို့များသို့ ဝင်ရောက်သော ကမ္ဘာလှည့်ခရီးသွားများတွင် တရုတ်ခရီးသွားဧည့်သည်က အများဆုံးဖြစ်ကြောင်းသိရသည်။

Mastercard Incorporated၏ ၂၀၁၉ ခုနှစ် အာရှပစိဖိတ်ဒေသ ခရီးသွားနေရာ အညွှန်းကိန်းအစီရင်ခံစာအရ တရုတ်နိုင်ငံသည် ၂၀၁၂ ခုနှစ်တွင် ဂျပန်နိုင်ငံကို ကျော်၍ အာရှပစိဖိတ်ဒေသ၏ ခရီးသွားဧည့်သည် အရင်းအမြစ် အများဆုံးနိုင်ငံနေရာကို ရောက်ရှိခဲ့ရာ ယနေ့ထိပင်ဖြစ်ကြောင်း သိရသည်။ အာရှပစိဖိတ်ဒေသ နေရာနှင့်မြို့ပေါင်း ၈၂ မြို့တွင်လည်း တရုတ်နိုင်ငံသည် ခရီးသွားဧည့်သည် အရင်းအမြစ်အများဆုံး ထိပ်တန်း သုံးခုအနက် တစ်ခုအပါအဝင်ဖြစ်ကြောင်း သိရသည်။

**Sources:** https://www.facebook.com/XinhuaMyanmar/?brand_redir=338109312883186

## ဂျပန်နှမ်းမျိုးသစ်မှ အရွက်နှင့်အပွင့်ကို ဂျပန်သို့တင်ပို့ခွင့်ရရန် သစ်တောဦးစီးဌာနထံ ခွင့်ပြုချက်တောင်းခံထား



အောင်လံနှင့်ကျောက်ဆည်မြို့နယ်တွင် စမ်းသပ်စိုက်ပျိုးထားသည့် ဂျပန်နှမ်းမျိုးသစ်မှ အရွက်နှင့်အပွင့်ကို ဂျပန်သို့တင်ပို့ခွင့်ရရန် သစ်တောဦးစီးဌာနထံ ခွင့်ပြုချက်တောင်းခံထားကြောင်း အောင်လံမြို့နယ် ကုန်စည်ဒိုင်ဥက္ကဋ္ဌ ဦးအောင်မိုးက ပြောသည်။ အရွက်၊ အပွင့်ဖြစ်တော့ သစ်တောဦးစီးနဲ့ ဆိုင်သွားတာပေါ့။ ပြီးခဲ့တဲ့လတုန်းက တင်ပို့ဖို့ခွင့်ပြုချက်တင်ထားတယ်။ နောက်တစ်ပတ်၊ နှစ်ပတ်လောက်ဆိုရင်တော့ စမ်းသပ်တင်ပို့ရမယ်။ အောင်လံမှာစိုက်ထားတဲ့ ငါးဧကတော့ သိပ်မဖြစ်ထွန်းဘူး။ ရေသွင်းနှမ်းဖြစ်ပြီးတော့ မိုးရွာတာနဲ့တင်အဆင်မပြေခဲ့ဘူး။ အောင်လံမှာက မိုးရေပဲအားထားပြီးစိုက်ရတော့ ရေသွင်းစိုက်ရ တာက အဆင်မပြေ ပါဘူး။ ကျောက်ဆည်မှာ စိုက်ထားတဲ့ ဧက ၅၀ ကတော့ အောင်မြင်တယ်။ ဒီနှမ်းပင်ကို အရင်းကနေ ရိတ်သိမ်းပြီးတော့ အရိုး၊ အရွက်နဲ့ အပွင့်ကို တိုင်းရင်းဆေးအဖြစ် ပြန်လည်သုံးစွဲမှာဖြစ်တယ်။ အခုဈေးနှုန်းရရှိတာကတော့ စမ်းသပ်လုပ်တုန်းဆိုတော့ မသတ်မှတ်ရသေးဘူး။ အိတ်နဲ့ ပါကင်စနစ်တကျလုပ်ပြီးတော့ တင်ပို့မှာဖြစ်တယ်။ အခု တချို့တစ်ဝက်က ရန်ကုန်ကဂိုဒေါင်မှာ ပါကင်ထုပ်ပိုး ထားပြီးပြီဟု ပြောသည်။ အဆိုပါနှမ်းမျိုးသစ်ကို မြန်မာအခေါ်အဝေါ်အရ ရခိုင်နှမ်းဟုခေါ်ဆိုကြောင်း၊ အောင်လံတွင် ငါးဧကနှင့် ကျောက်ဆည်တွင် ဧက ၅၀ ခန့် စိုက်ပျိုးထားကြောင်း၊ စိုက်ပျိုး သက်တမ်းကာလမှာ လေးလခန့်ကြာမြင့်ကာ အပင်ကြီးမျိုးဖြစ်၍ အရွက်ကိုခူးဆွတ်ကာ အစေ့ကိုမျိုးစေ့အဖြစ်ထားရှိမည်ဖြစ်သည်။

မကွေးတိုင်းထဲမှာပဲ ဂျီအေပီနည်းနဲ့ စိုက်တဲ့နှမ်းတွေကို ဂျပန်က ဝယ်ယူတယ်။ သူတို့က စမုန်နှမ်းနက်ကို ကြိုက်နှစ်သက်တယ်။ အခုမြို့နယ်အတွင်းမှာ နှမ်းစိုက်ဧက ငါးသောင်းမှာ ၇၅၀၀ ကျော်က ဂျီအေပီနဲ့ စိုက်ထားတယ်။ မနှစ်ကထက် ဂျီအေပီနှမ်းစိုက်ဧက ၂၀၀၀ လောက် တိုးတက်စိုက်ပျိုးလာတယ်ဟု ဦးအောင်မိုးက ဆက်လက်ပြောသည်။ သို့သော် မကွေးတိုင်းဒေသကြီးတွင် စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ(GAP) နည်းဖြင့် စိုက်ထားသည့် စမုန်နက်နှမ်းကို ဂျပန်က ဝယ်ယူပေးနေသော်လည်း ယခင်ကထက် အရည်အသွေးကန့်သတ်လာခြင်းကြောင့် ဈေးကွက်ရရှိရေး အနည်းငယ်ခက်ခဲလာကြောင်း မကွေးရှိ နှမ်းကုန်သည် ဦးမြတ်ဆွေက ပြောသည်။ နှမ်းကို ဂျပန်နဲ့ တရုတ်၊ တောင်ကိုရီးယားကိုပို့တယ်။ ဂျပန်နဲ့ တရုတ်က ဓာတ်ကြွင်းပါဝင်နှုန်း သေချာစစ်ပြီးမှ ဝယ်တယ်။ တရုတ်ကတော့ ဒီလိုမဟုတ်ဘူး၊ ဓာတ်ကြွင်းကန့်သတ်ချက်မထားသလို ဈေးကွက်ပေါက်ဈေးအတိုင်းပေးဝယ်တော့ တရုတ်ဘက်ကိုပဲ အားထားပို့ရမှာပေါ့။ ဂျီအေပီ နှမ်းစိုက်တိုင်းတော့ ဈေးကောင်းပေးဝယ်မှာ မဟုတ်ပါဘူး။ ကုန်စည်ဒိုင်မှာ မြို့နယ်အတွင်းမှာ ဒီလက်မှတ်ရရှိထားတဲ့ တောင်သူစာရင်းရှိတယ်။ ဒီလက်မှတ် မရရှိသေးပေမယ့် ဒါနဲ့ဂျီအေပီနည်းနဲ့ စနစ်တကျစိုက်ပျိုးလာတဲ့ တောင်သူတွေများလာတယ်။ ဒီလိုများလာတဲ့ ဂျီအေပီလက်မှတ်ရှိ၊ မရှိ သေချာတိုက်ဆိုင်စစ်ဆေးပြီးမှဝယ်တယ်။ တစ်ဖက်မှာလည်း ဂျီအေပီနှမ်းဆိုရင်ရိုးရိုးနှမ်းထက် ကျပ် ၈၀၀၀ ကနေ ကျပ် ၁၀၀၀၀ အထိ ဈေးပေးဝယ်တယ်။ အရည်အသွေးကောင်းရင် ကောင်းသလို ပိုပေးဝယ်ပါတယ်ဟု ပြောသည်။

ယခုနှစ် အောင်လံမြို့နယ်တွင် ဂျီအေပီနည်းဖြင့် နှမ်းဧက ၅၀၀၀ ခန့် စိုက်ပျိုးထားပြီး ယခင်နှစ်ထက် ဧက ၂၅၀၀ ခန့် တိုးချဲ့စိုက်ထားကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးအတွင်းရှိ ကုန်စည်ဒိုင်နှင့်ပွဲရုံအချို့သို့ နှမ်းများရောင်းချရာတွင် လိမ်လည်ရောင်းချမှုများမရှိစေရန်စိစစ်ကြပ်မတ်နေကြောင်းသိရသည်။ နှမ်းအိတ်များတွင် အလေးချိန်စီးစေရန် ခဲရောနှောပြီး ပစ္စည်းကြည့်ရှုစစ်ဆေးမှုအားနည်းသော ပွဲရုံများသို့ ရောင်းချမှုများရှိနေကြောင်းသိရသည်။ နှမ်း၏သဘောသဘာဝမှာ မြေပြင်တွင် ခြွေလှေ့သန့်စင်ရခြင်းဖြစ်၍ ဖုန်နှင့်ခဲပါဝင်သင့်သလောက် ပါရှိနိုင်သော်လည်း ထို့ထက်ကျော်လွန်ပါရှိပါက မသမာမှုပြုခြင်းဖြစ်ကြောင်း ကုန်သည်များကပြောသည်။ ထို့ပြင်ကုန်သည်များအနေဖြင့် ဂျပန်အပါအဝင် အခြားနိုင်ငံများသို့ နှမ်းတင်ပို့ရာတွင် အလေးချိန်မပျောက်ရေး ဖုန်၊ သဲ၊ ခဲသန့်ရှင်းစေရန် ပြာလှေ့ရခြင်း၊ ပိုးသတ်သည့်အလုပ်ကို အချိန်မှန်စွာပြုလုပ်ပေးရခြင်း၊ ဂိုဒေါင်သန့်ရှင်းရေး အထူးဂရုပြုရခြင်းစသည့် နောက်ဆက်တွဲထိန်းသိမ်းမှုများ ပြုလုပ်ရခြင်းကြောင့် ကုန်ကျစရိတ်များပြားလာကြောင်းသိရသည်။

**Sources: facebook.com/thefarmermedia/posts/2501688953278609?__tn__=K-R**

# STOCK EXCHANGE (8.10.2019)

YANGON
STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 8th Oct. 2019

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,500 | +0 | +0.00% | 11,500 | 12,000 | 11,500 | 2,933 | 33,932,000 | 27,112,747 | 311,797 |
| MTSH | 00002 | 3,600 | -150 | -4.00% | 3,750 | 3,750 | 3,600 | 28,289 | 103,218,350 | 38,929,150 | 140,145 |
| MCB | 00003 | 8,300 | -100 | -1.19% | 8,300 | 8,300 | 8,300 | 39 | 323,700 | 10,400,986 | 86,328 |
| FPB | 00004 | 23,000 | +500 | +2.22% | 22,500 | 23,000 | 22,500 | 215 | 4,838,000 | 2,472,053 | 56,857 |
| TMH | 00005 | 2,950 | +0 | +0.00% | 3,000 | 3,000 | 2,950 | 713 | 2,103,550 | 12,823,224 | 37,829 |

## Market summary

As of 8th Oct. 2019

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 462.24 | -4.12 | -0.88% | 466.07 | 474.08 | 462.24 | 32,189 | 144,415,600 | 5 | 632,956 |

### Index chart




# Market Overview

As of 1:00 pm, 8th Oct. 2019

| MYANPIX | 462.24 ▼ 4.12 |
|---|---|
| Total Volume (shares) | 32,189 |
| Total Value (MMK) | 144 mil |
| Listed Company | 5 |
| Market Cap. (MMK) | 632,956 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,500 | ▲ 0 |
| MTSH | 00002 | 3,600 | ▼ 150 |
| MCB | 00003 | 8,300 | ▼ 100 |
| FPB | 00004 | 23,000 | ▲ 500 |
| TMH | 00005 | 2,950 | ▲ 0 |